## တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာ မှန်ကန်မှုရှိသော တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ စာအုပ်၊ စာပေများ၊ ကြော်ငြာများ ထွက်ပေါ်လာရေးဝိုင်းဝန်းဆောင်ရွက်ရန်အဆိုပြုတင်ပြချက်
## (အထောက်)

လေးစားအပ်ပါသောသဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ ဧည့်သည်တော်များနဲ့ (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ သုခအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သလျက် ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား/ရှင့်။

ကျွန်တော်/ ကျွန်မကတော့ ................ ပြည်နယ်/တိုင်းဒေသကြီးက မြန်မာတိုင်းရင်းဆေးသမားတော်များညီလာခံကိုယ်စားလှယ် ဦး/ဒေါ် ...................... ဖြစ်ပါတယ်။

ကျွန်တော်/ ကျွန်မကတော့ ဒီညီလာခံကြီးမှာ ................ ပြည်နယ်/တိုင်းဒေသကြီးက မြန်မာတိုင်းရင်းဆေး သမားတော်များညီလာခံကိုယ်စားလှယ် ဦး/ဒေါ် ...................... တင်သွင်းသွားတဲ့ 'ကျင့်ဝတ်နှင့်ညီ၍ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာ မှန်ကန်မှုရှိသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာစာအုပ်၊ စာပေများ၊ ကြော်ငြာများ ထွက်ပေါ်လာရေးဝိုင်းဝန်း ဆောင်ရွက်ရန်' ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင့်/ခင်ဗျား။

လေးစားအပ်တဲ့သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများ ခင်ဗျား/ရှင့်

ကျွန်တော်/ ကျွန်မတို့ရဲ့ မြန်မာ့တိုင်းရင်းဆေးပညာဟာ ရှေးနှစ်ပေါင်းများစွာကတည်းက လက်ဆင့်ကမ်းအသုံးပြုလာခဲ့ကြတဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်ပါတယ်။ ယခုအခါ ကျေးလက်ဒေသအောက်ခြေ သာမက မြို့ကြီးများအထိပါ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါးတွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျင့်ဝတ်နဲ့ညီ၍ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာ မှန်ကန်မှုရှိသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာအုပ်၊ စာပေများ၊ ကြော်ငြာများ ထွက်ပေါ်လာရေး ဝိုင်းဝန်းဆောင်ရွက်ရန် ဆိုတဲ့ အဆိုဟာ အလွန်ပဲအရေးကြီးလှပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာရှင်တွေဟာ နဝရတ်ကတိသစ္စာ (၉)ပါးကို ခါးဝတ်ပုဆိုးလို မြဲမြံပြီး ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ မွန်မြတ်လှတဲ့ တိုင်းရင်းဆေးဆရာတို့ရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေတဲ့ အပြုအမူတွေကို ရှောင်ကြဉ်ရမှာပဲ ဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာ ကျေးလက်ဒေသအောက်ခြေထိ နားလည်သဘောပေါက်လွယ်တဲ့ တိုင်းရင်းဆေးပညာပေး စာအုပ်စာပေများထုတ်ဝေခြင်းဟာ အရေးကြီးပါတယ်။ စာအုပ်စာပေထုတ်ဝေခြင်းဟာလည်း အလွန်အရေးကြီးသလို တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာမှန်ကန်မှုရှိဖို့ဟာလည်း အလွန်အရေး ကြီးပါတယ်။ ဒါမှသာ ပြည်သူလူထုက မြန်မာ့တိုင်းရင်းဆေးအပေါ် ခံစားချက်၊ ထင်မြင်ချက်၊ သဘောထားများဟာ မှန်ကန်မှာ ဖြစ်ပါတယ်။ ရေဒီယိုနဲ့ ရုပ်မြင်သံကြားများမှလည်း တိုင်းရင်းဆေးဆိုင်ရာပညာရပ်ကဏ္ဍများကို ပိုမိုထုတ်လွှင့်သင့်ပါတယ်။ ဒ့ါအပြင် ကျင့်ဝတ်စည်းကမ်းနဲ့မညီ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲ အကျိုးဆက်များဟာလည်း ကြီးမားကျယ်ပြန့်လှပါတယ်။ ကျင့်ဝတ်စည်းကမ်းနဲ့မညီညွတ်တဲ့ ရေးသားထုတ်ဝေဖြန့်ချိခြင်း၊ ဆေးဝါးဖော်စပ်ရောင်းချခြင်း၊ ကြော်ငြာခြင်းများကို မပြုလုပ်သင့်ကြောင်း ထောက်ခံတင်ပြလိုပါတယ်။

လေးစားအပ်တဲ့သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများ ခင်ဗျား/ရှင့်

ယနေ့ခေတ်မှာ တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါးများကို ပိုမိုလက်ခံ သုံးစွဲလာကြပြီ ဖြစ်တဲ့အတွက် မြန်မာ့ တိုင်းရင်းဆေးဝါးများရဲ့ အခန်းကဏ္ဍလည်း အလွန်ပဲ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ ဒါကြောင့် စစ်မှန်တဲ့ဆေးပစ္စည်းများနဲ့ ဆေးဝါးဖော်စပ်မှုကလည်း အလွန်အရေးကြီးပါတယ်။ ယခုအခါမှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုကနေ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာအုပ်စာပေ၊ ဆေးခန်း၊ ဆေးဝါးကြော်ငြာတွေကို တွေ့နေရပါတယ်။ အချို့ဆေးဝါးကြော်ငြာတွေမှာ စစ်မှန်တဲ့ ဆေးပစ္စည်းနဲ့ ဖော်စပ်ထားမှု၊ မှန်ကန်တဲ့ ဆေးညွှန်းစတာတွေက အလွန်အရေးကြီးပါတယ်။ ဘာလို့လဲဆိုရင် ကျန်းမာရေးဗဟုသုတရှိတဲ့ ပြည်သူလူထုက ဆေးညွှန်းကိုဖတ်ပြီး တိုင်းရင်းဆေးဝါးတွေကို သောက်နေကြတဲ့ သူတွေရှိသလို ကြော်ငြာအားကောင်းလို့ ကောင်းနိုးနိုး ဝယ်သောက်နေ ကြတဲ့သူတွေလည်း ရှိပါတယ်။ ဒီလိုဝယ်ယူ သောက်သုံးနေကြတဲ့ ပြည်သူတွေ ဘေးဥပါဒ်မဖြစ်အောင် ကာကွယ်ဖို့လိုပါတယ်။ ဒီလို စာနယ်ဇင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုကနေလွှင့်တဲ့ တိုင်းရင်းဆေးဝါး ကြော်ငြာစိစစ်တဲ့လုပ်ငန်းကို တိုင်းရင်းဆေး ပညာဦးစီးဌာနရှိ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနက စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်တစ်ခါ မြန်မာစာရေးထုံးသာမက English စာလုံးသုံးစွဲမှုများနဲ့ပါ ပတ်သက်လို့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဝေါဟာရများကို တည့်မတ် ပြင်ဆင်ပေးလျက်ရှိပါတယ်။ မှတ်ပုံတင်နဲ့ လိုင်စင်သက်တမ်းကုန်လွန်နေတဲ့ ဆေးဝါးကြော်ငြာတွေ၊ မြန်မာ့ ယဉ်ကျေးမှု၊ ဆေးပညာရပ်များနှင့် မသင့်လျော်တဲ့ ကြော်ငြာတွေ၊ ပြည်သူလူထုကို ထင်ယောင်ထင်မှား ဖြစ်စေတဲ့ ပြောဆိုမှုတွေကို ရှောင်ကြဉ်သင့်ပါတယ်။ ဈေးကွက်ကနေ ဝယ်ယူသောက်သုံးနေကြတဲ့ ပြည်သူလူထုကိုလည်း တိုင်းရင်းဆေးပညာနဲ့ ပတ်သက်ပြီး ပညာပေးသင့်ပါတယ်။ ဒါမှသာ စစ်မှန် ကောင်းမွန်ပြီး ဘေးဥပါဒ်ကင်းတဲ့ တိုင်းရင်းဆေးဝါးတွေ ပြည်သူလူထုဆီကို ရောက်ရှိမှာ ဖြစ်ပါတယ်။

လွန်လွန်ကဲကဲကြော်ငြာထားတဲ့ ဆေးဝါးကြော်ငြာတွေကို ဥပမာအနေနဲ့ တင်ပြရရင် ၂၄ နာရီအတွင်းအစွမ်းပြသည်။ သောက်သုံးပါက အမြန်ဆုံးပျောက်ကင်းမည်။ ကုသရန်ခက်ခဲသောရောဂါများကို အချိန်တိုအတွင်း ထိရောက်စွာပျောက်ကင်းစေမည်။ တစ်ခါလိမ်းရုံဖြင့် သိသာစွာသက်သာစေသည်။ နောက်တစ်မျိုးအနေဖြင့် ပြောရလျှင် ဤဆေးကြီးသည် သင်ခံစားနေရသောဝေဒနာကို ယူပစ်သလိုပျောက်ကင်းစေရမည်။ အမြစ်ပြတ်စေရမည်။ အာမခံသည် ဆိုပြီး သုံးစွဲသူကိုလှည့်ဖြားစည်းရုံးတဲ့ ကြော်ငြာတွေဟာ တိုင်းရင်းဆေးလောက ဂုဏ်သိက္ခာညှိုးနွမ်းစေရုံ သာမက ပြည်သူလူထုအနေနဲ့ ထင်ယောင်ထင်မှား ဖြစ်စေနိုင်တဲ့အတွက် အဲဒီလိုဆေးဝါးကြော်ငြာခြင်းမျိုးကို ရှောင်ရှားကြဖို့ လိုအပ်ပါတယ်။ ဆေးခန်းကြော်ငြာများအနေနဲ့ နေ့စဉ်ထုတ်သတင်းစာများတွင် '(၃) ရက်အတွင်း ရောဂါအမြစ်ပြတ်ပျောက်ကင်းသွားပြီး ထပ်မံမဖြစ်စေနိုင်တော့ပါ။ 'ရောဂါအမျိုးမျိုးပျောက်ကင်းရမည်။ တစ်လမကြာ လုံးဝပျောက်ကင်းစေရမည်။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ အသီး၊ အကျိတ်၊ စအိုကင်ဆာ စသည့်ရောဂါများကို ဝမ်းဗိုက်မဖောက်၊ အလုပ်မပျက် အပျောက်ကုသပေးမည်။ ချက်ချင်းသက်သာမည်။ (၃)ရက်နှင့် အမြစ်ပြတ်ပျောက်မည်။ ရာသက်ပန် မဖြစ်စေရဆိုပြီး တိုင်းရင်းဆေးလောကဂုဏ်သိက္ခာ ညှိုးနွမ်းဖွယ်ရာ အတိသဿယရဝုတ္တိလင်္ကာမြောက် လွန်လွန်ကဲကဲကြော်ငြာထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီလိုကြော်ငြာမျိုးတွေဟာ ပြည်သူလူထုကို လွဲမှား

တဲ့နည်းနဲ့ စည်းရုံးရေးသားထားတာဖြစ်တဲ့အတွက်ကြောင့် သတိပေးအရေးယူသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

နောက်ပြီး သတင်းစာမှာ ကြော်ငြာနေကြတဲ့ လျှင်မြန်စွာမုချ၊ ချက်ချင်း၊ ယူပစ်သလို၊ မိနစ်ပိုင်းအတွင်း၊ ဒိဋ္ဌ၊ အမြစ်ပြတ်၊ နတ်ဆေးအလား၊ မျက်လှည့်ပြသကဲ့သို့၊ အလွန်ထူးဆန်းအံ့သြဖွယ် စတဲ့ အလွန်အကြူး ပြောဆိုကြတဲ့ ကြော်ငြာဆေးခန်းကြော်ငြာတွေ၊ အာမခံနဲ့ကုသပေးပါတယ်ဆိုတဲ့ ဆေးခန်းကြော်ငြာတွေ၊ ဆေးဝါးကြော်ငြာတွေကိုလည်း စိစစ်သင့်ပါတယ်ရှင့်/ခင်ဗျား။ ကြော်ငြာထားတဲ့ တိုင်းရင်းဆေးခန်း ကြော်ငြာတွေမှာ တိုင်းရင်းဆေးကောင်စီ ဥပဒေနှင့်ညီ/ မညီ၊ တဆရို/ မရှိတို့လည်း စိစစ်ပြီး အရေးယူသင့်ပါတယ်။ တိုင်းရင်းဆေးဆရာတွေကို အရည်အချင်း မြင့်မားအောင် ပြုလုပ်ဖို့လိုအပ်သလို အခြေအမြစ်မရှိသော၊ အရည်အချင်းမဲ့ ဆေးဆရာများကို (စစ်မှန်သော တိုင်းရင်းဆေးဆရာများ ထိခိုက်မှုမရှိစေရန်) ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ပါတယ်ရှင်။ ဆေးသမားအမည်ခံသူတို့မှာ သမားဉာဏ်မျိုး၊ သာမန်စေတနာ၊ သာမန်ဝီရိယမျိုးနဲ့ သာမန်မေတ္တာမျိုးရှိရုံနဲ့ တင်းတိမ်ကျေနပ်နေရမယ် မဟုတ်ပါဘူးရှင်/ခင်ဗျာ။ လူ့အသက်ကို ကယ်ဆယ်ရမယ့် အတတ်မျိုး၊ အလုပ်မျိုးဖြစ်တာ ကြောင့် တိတိကျကျ ထိထိရောက်ရောက် တက်မြောက်ကျွမ်းကျင်အမြော်အမြင်ရှိနိုင်ဖို့ လိုအပ်လှပါတယ်ရှင်/ခင်ဗျာ။ ဒါမှသာ ပြည်သူတွေ လက်ခံယုံကြည်တဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်ကောင်းတွေ ပေါ်ထွက်လာမှာပဲ ဖြစ်ပါတယ်ရှင်/ခင်ဗျာ။

လေးစားအပ်တဲ့သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများ ခင်ဗျား/ရှင့်

ကျင့်ဝတ်နှင့်ညီ၍ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာ မှန်ကန်မှုရှိသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာစာအုပ်၊ စာပေများ၊ ကြော်ငြာများ ထွက်ပေါ်လာဖို့အတွက် သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားနဲ့ ရေဒီယိုတွေမှာ ကြော်ငြာခွင့်ပြုဖို့အတွက် လိုအပ်ချက်တွေ ၊ လိုက်နာရမယ့် အချက်တွေကိုလည်း တိုင်းရင်းဆေးပညာဦးစီးဌာနကနေ စနစ်တကျထားရှိပေးဖို့လိုအပ်ပါတယ်။ ကျေးလက်နေပြည်သူတွေကို ပညာပေးဖို့လိုအပ်ပါတယ်။ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များကိုလည်းကောင်း ၊ကြော်ငြာရှင်များကိုလည်းကောင်း ဒီလိုတိုင်းရင်းဆေးပညာဦးစီးဌာနကနေ စနစ်တကျ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမှုမရှိပါကလည်း ဥပဒေနဲ့အညီ ဆောင်ရွက်သင့်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျင့်ဝတ်နှင့်ညီ၍ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာ မှန်ကန်မှုရှိသော တိုင်းရင်းဆေးပညာရပ် ဆိုင်ရာစာအုပ်၊ စာပေများ၊ ကြော်ငြာများ ထွက်ပေါ်လာဖို့ကို အခုညီလာခံကို တက်ရောက်လာကြတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များကလည်း တစ်ဖက်တစ်လမ်းကနေ ပါဝင်ဆောင်ရွက်ပေးကြဖို့လိုပါတယ်ခင်ဗျား/ ရှင်။ ဒါကြောင့် အဆိုရှင်တင်ပြသွားတဲ့ ကျင့်ဝတ် နှင့်ညီ၍ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာ မှန်ကန်မှုရှိသော တိုင်းရင်းဆေးပညာရပ် ဆိုင်ရာစာအုပ်၊ စာပေများ၊ ကြော်ငြာများ ထွက်ပေါ်လာရန် အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင့်/ ခင်ဗျား။